**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

ဒသမနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသား လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၈၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမန်းထွန်းကြိုင်၊ ရောဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ ၁၆-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် မန်းထွန်းကြိုင် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေးကိစ္စ။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကျေးလက်ဒေသ စာသင်ကျောင်းနှင့် ဆေးရုံ၊ ဆေးခန်းရေရရှိရေးအလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအစည်းအဝေး တက်ရောက်ရန်။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သားကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ (၂၉)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့၊ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကယားပြည်နယ်တွင် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးသော ယာစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပဲ၊ နှမ်း၊ ပြောင်း ဈေးကွက် တည်ငြိမ်ခိုင်မာမှုရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ က ကယားပြည်နယ်တွင် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးသော ယာစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပဲ၊ နှမ်း၊ ပြောင်း ဈေးကွက် တည်ငြိမ်ခိုင်မာမှုရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ကယားပြည်နယ်တွင် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးသော ယာစိုက်တောင်သူ များအား စိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးတဲ့ ပဲ၊ နှမ်း၊ ပြောင်း ဈေးကွက် တည်ငြိမ်ခိုင်မာမှုရှိအောင် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကယားပြည်နယ် ဟာ ပထဝီအနေအထားအရ တောင်ကုန်း၊ တောင်တန်းထူထပ်ပြီး မြေပြန့်လွင်ပြင်နည်းပါးသော ပြည်နယ် တစ်ခုဖြစ်သောကြောင့် စပါးစိုက်ပျိုးနိုင်သော လယ်မြေဧရိယာထက် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးနိုင်သော ယာမြေဧရိယာ ပိုမိုများပြားပါတယ်။ နိုင်ငံတော်မှ နှစ်စဉ် ထုတ်ချေးပေးတဲ့ စိုက်ပျိုးရေးစရိတ်ချေးငွေ များမှာလည်း စပါးစိုက်ပျိုးတဲ့ လယ်မြေကိုသာ ထုတ်ချေးပေးနေပြီး ယာစိုက်တောင်သူ အများစုဟာ ချေးငွေမရရှိဘဲ အခွင့်အရေး ဆုံးရှုံးရပါတယ်။ ယာမြေအများစုဟာ မြို့နဲ့ အလှမ်းကွာဝေးသော ကျေးလက်နေ တောင်သူဦးကြီးများက ဘိုးဘွားစဉ်ဆက် ပဲ၊ နှမ်း၊ ပြောင်းနှင့် တောင်ယာစပါး အနည်း အကျဉ်းစိုက်ပျိုးပြီး စားဝတ်နေရေးကို ဖြေရှင်းနေကြတာဖြစ်ပါတယ်။ ၎င်းတောင်သူဦးကြီးများလည်း စပါးစိုက်ပျိုးသော တောင်သူများနည်းတူ အတိုးနှုန်းသက်သာသော စိုက်ပျိုးရေးချေးငွေများကို ရယူ လိုကြပါတယ်။

မျိုးရိုးစဉ်ဆက် နှစ်ပေါင်းများစွာ စိုက်ပျိုးလုပ်ကိုင်ကြသော ယာမြေများမှာလည်း လယ်ယာ မြေလုပ်ပိုင်ခွင့် ပုံစံ(၇) မရှိကြတာများပါတယ်။ ခေတ်အဆက်ဆက်က နယ်မြေမအေးချမ်းမှု၊ ဆက်သွယ် ရေးခက်ခဲမှုကြောင့်ဟု ယူဆရပါတယ်။ ယခုချိန်ခါတွင် ဆက်သွယ်ရေးကောင်းမွန်ပြီး နယ်မြေအေးချမ်း လာပြီဖြစ်သောကြောင့် ကယားပြည်နယ်တွင် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးသော ယာစိုက်တောင်သူများ အား စိုက်ပျိုးရေးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်မှုအစီအစဉ် ရှိ/မရှိနှင့် ပဲ၊ နှမ်း၊ ပြောင်း ဈေးကွက်

တည်ငြိမ်ခိုင်မာမှုရှိအောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် တောင်သူဦးကြီးများ ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ကံပိုင်ကျေးရွာအုပ်စု၊ ရှူးချောင်းတံတားအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး က မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ကံပိုင်ကျေးရွာအုပ်စု၊ ရှူးချောင်းတံတားအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဒေါ်သန်းသန်းအေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာ ပို့သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန်းသန်းအေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မေးမြန်းမယ့် မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ကံပိုင်ကျေးရွာအုပ်စု၊ ရှူးချောင်း တံတားအား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မကွေးတိုင်းဟာ မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဖြစ်နေပေမယ့်လို့ ကျွန်မရဲ့ မဲဆန္ဒနယ်တွေဟာ အနောက်ရိုးမဘက်မှာရှိနေတဲ့ အရပ်ဖြစ်ပါတယ်။ အခု အထက်ဖော်ပြပါ တံတားဟာ မင်းတုန်းမြို့နယ်၊ ကံပိုင်ကျေးရွာနှင့် ပုသိမ်-မုံရွာ လမ်းမပေါ်ရှိ မဲဇလီရွာ သို့ဆက်သွယ်သွားလာရာတွင် အဓိကအရေးကြီးသောတံတား ဖြစ်ပါတယ်။ ဒီတံတားဟာ ကံပိုင်ရွာနှင့် ကြပ်ကြီးရွာကြားမှာရှိပြီးတော့ ရှူးချောင်းကိုဖြတ်၍ ပေ(၂၅၀)အရှည် သံဘောင်တင် ပျဉ်ခင်းတံတား ဆောက်လုပ်ရန် ဖြစ်ပါတယ်။ ၎င်းတံတားကိုဖြတ်ကျော်တဲ့ ကျေးရွာက(၁၅)ရွာ၊ အုပ်စု(၈)အုပ်စုနဲ့ လူဦး ရေ(၈၀၀၀)ကျော်တို့ဟာ အဲဒီကံပိုင်ရွာ(အ.ထ.က)ကျောင်းကို ကျောင်းသွားတက်သော ကျောင်းသား (၃၀၀)ကျော်တို့ဟာ မိုးရာသီမှာ သွားလာရန်ခက်ခဲမှုနှင့် ကြုံနေရပါတယ်။ အဲဒီချောင်းကို ဖြတ်တဲ့ အခါမှာ အသက်အန္တရာယ်နဲ့လည်း စိုးရိမ်ဖွယ်ရာကို တွေ့နေရပါတယ်။ သို့သော်လည်းပဲ ကျေးရွာသူ၊ ကျေးရွာသားများဟာ စုပေါင်း၍ သွားလာရေးလွယ်ကူစေရန် အရပ်လုပ် လူသွားဆိုင်ကယ်စီးတဲ့ ယာယီ တံတားလေးတွေကို နှစ်စဉ် ပြုလုပ်တည်ဆောက်ရပါတယ်။ သို့သော်လည်းပဲ ကျွန်မရဲ့ မဲဆန္ဒနယ်ဟာ ချောင်းရေ မတရားကြီးတဲ့အတွက် နှစ်တိုင်း ချောင်းရေကြီးတဲ့အခါမှာ ဘယ်လောက်ပဲ တံတားကို ဆောက်ပေမယ့်လို့ ပျက်စီးသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီ ကံပိုင်ကျေးရွာ (အ.ထ.က) ကို တက်တဲ့

ကျောင်းသူ၊ ကျောင်းသားများနှင့် ရွာသားများ၊ တောင်သူလယ်သမားများ၊ လယ်ယာလုပ်ငန်းခွင်ကို သွားရောက်နေတဲ့ ရောင်းဝယ်ဖောက်ကားရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအဝဝအတွက် အသုံးပြုနိုင်ရန် အထူးလိုအပ်နေတဲ့အတွက် ရွာသူ၊ ရွာသားများကိုယ်စား တောင်းဆိုရခြင်း ဖြစ်ပါတယ်။ သို့ပါသောကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝင်းကံပိုင်တံတားအား တည်ဆောက်ပေးပါရန် အစီအစဉ် ရှိ/မရှိ ကို တင်ပြတောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ မယားမံရွာမှ ညောင်စာရေးရွာအထိ ဆက်သွယ်ထားသည့် လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအေးချို က ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ မယားမံရွာမှ ညောင်စာရေးရွာအထိ ဆက်သွယ်ထားသည့်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့ အစည်းဝင် ဝန်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးအေးချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်မှာရှိနေတဲ့ မြန်မာပြည်မှာ အထင်ကရ သမိုင်းဝင်စေတီတစ်ဆူဖြစ်တဲ့ ရွှေနတ်တောင် စေတီ တည်ရှိရာ မယားမံကျေးရွာနှင့် ညောင်စာရေးတိုက်နယ်တို့ကို ဆက်သွယ်ထားသောလမ်းဟာ အရှည်(၁၀)မိုင် (၂)ဖာလုံ ရှိပြီးတော့ လမ်းအကျယ်(၁၂)ပေ ရှိပါတယ်။ ယခင် (ဖ.ဆ.ပ.လ) အစိုးရလက်ထက် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးခေတ် ဒီစတြိတ်ကောင်စီ အဖွဲ့ကနေ တည်ဆောက်ပေးထားတဲ့ ကျောက်ချောလမ်းဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလမ်းဟာ ရာစုနှစ်ဝက်ကျော် ကြာနေပြီဖြစ်တဲ့ လမ်းမကြီးဖြစ်ပြီးတော့ ယခုအခါ ရွှေတောင်မြို့ရဲ့ မြို့ပတ်လမ်းအဖြစ် အသုံးပြုနေသော လမ်းမကြီး ဖြစ်ပါတယ်။ ရွှေတောင်မြို့တွင်းသို့ဝင်တဲ့ တောင်ဘက်လမ်းပေါက်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းလမ်းမကြီးဟာ သရက်တစ်ပင်၊ ညောင်စာရေး၊ ရွှေဟသာ၊ ကျွန်းကလေး၊ ရှားပင်ဇင်း၊ ဇီးကျွန်း၊ ဆင်သေ၊ ရှားတိုင်း၊ တောဟိုင်၊ ကံသုံးဆင့်၊ မယားမံ၊ ကျောက်ကုန်း၊ တည်ကြီးကုန်း စတဲ့ ကျေးရွာ(၁၃)ရွာ၊ အိမ်ခြေပေါင်း(၅၈၀၉)အိမ်၊ လူဦးရေပေါင်း(၂၂၁၄၅)ဦး နေထိုင်ကြပြီးတော့ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအရ ထိုလမ်းကြီးကို မှီခိုသွားလာနေရတဲ့ ရွှေတောင်မြို့ရဲ့ အဓိကလမ်းမကြီးတစ်ခုလည်း ဖြစ်ပါတယ်။ ယခုအခါမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ လမ်းကိုအပိုင်းလိုက် ကျောက်ချောထပ်မံခင်းပေးခြင်း၊ ဖာထေးခြင်းလုပ်ငန်းများကို နှစ်စဉ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသခံပြည်သူများကလည်း နှစ်စဉ် ဖာထေးပြုပြင်နေရတဲ့လမ်းမကြီး

မှာ ရာစုနှစ်ပေါင်း တစ်ဝက်ကျော်မျှ နေထိုင်နေကြတာဖြစ်ပါတယ်။ သွားလာနေကြရတာဖြစ်ပါတယ်။ ပြည်သူများနဲ့တွေ့တဲ့အခါမှာ ပြည်သူများက နှစ်စဉ် ပြုပြင်နေရတာထက် နှစ်ရှည်ခံတဲ့ ကျွန်တော်တို့ လမ်းမကြီးကို ကောင်းမွန်အောင် ပြုလုပ်ပေးစေချင်တဲ့ ဆန္ဒသဘောထားများရှိကြောင်း တွေ့ရပါတယ်။ နိုင်ငံတော်မှလည်း ပြည်သူများ လူမှုဘဝစီးပွားတွေ တိုးတက်ဖို့အတွက် လမ်းပန်း ဆက်သွယ်ရေးဟာ အဓိကကျတယ်လို့ ခံယူပြီးတော့ နိုင်ငံအတွင်း ကျေးလက်ဒေသအနှံ့မှာ လမ်းများ ကောင်းမွန်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေချိန်လည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ယင်း ရွှေနတ်တောင်စေတီတည်ရှိရာ မယားမံကျေးရွာနှင့် ညောင်စာရေးရွာ ဆက်လမ်းအရှည် (၁၀)မိုင် (၂)ဖာလုံ လမ်းမကြီးကို ကျောက်ချောလမ်းအဖြစ်မှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ပြည်သူများ၏ ဆန္ဒသဘောထားအရ ဥက္ကဋ္ဌကြီး မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘော်ရယ်စိုးဝေ ရဲ့ ကယားပြည်နယ်တွင် ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးတဲ့ ယာစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးနိုင်မှု အစီအစဉ် ရှိ/မရှိ၊ ပဲ၊ နှမ်း၊ ပြောင်း ဈေးကွက်တည်ငြိမ်ခိုင်မာ မှုရှိအောင် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးပါမယ်။

စိုက်ပျိုးစရိတ်ချေးငွေနှင့် စပ်လျဉ်းပြီး မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ စပါး အပါအဝင် မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ဆီ၊ မုံညင်း၊ ဂုန်လျှော်၊ ချက်ကြံ စတဲ့ သီးနှံတွေကို မိုး၊ ဆောင်း၊ မိုးကြိုရာသီအလိုက် ချေးငွေများ တောင်သူများကို နှစ်စဉ် ထုတ်ချေးပေး လျက်ရှိပါတယ်။ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရပြီး ငွေချေးစည်းကမ်းသတ်မှတ်ချက်များ နှင့် ညီညွတ်လို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ချေးငွေ စိစစ်ရေးအဖွဲ့က ထောက်ခံလာလို့ရှိရင် တောင်သူများ အား ဘဏ်မှချေးငွေများ ထုတ်ချေးပေး လျက်ရှိပါတယ်။ ကယားပြည်နယ်အတွင်း လယ်ယာမြေ လုပ်ပိုင် ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးဖို့အတွက် လျှာထားဆောင်ရွက်တဲ့အခါမှာ ဧကတစ်သိန်းခွဲခန့်ရှိတဲ့ အနက် ၂၀၁၇ ဇန်နဝါရီလကုန်အထိ ဧက(၁၄၀၀၀၀)ကျော် ရာခိုင်နှုန်းအားဖြင့် (၉၅)ရာခိုင်နှုန်း ထုတ်ပေး

ထားခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူများရဲ့ ဆန္ဒအရ ချေးငွေများကို ထုတ်ချေးပေးခြင်းဖြစ်၍ ယခုတင်ပြတဲ့ ယာစိုက်တောင်သူများအနေနဲ့ ယာသီးနှံ အလိုက် လိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေတွေကို တင်ပြတောင်းဆိုလာပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်က စိစစ်ပြီး သတ်မှတ်စည်းမျဉ်းများနဲ့ကိုက်ညီမှုအရ ချေးငွေများ ထုတ်ချေးပေးသွားမည် ဖြစ် ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယတစ်ပိုင်းအနေနဲ့ စိုက်ပျိုးထုတ်လုပ်တဲ့သီးနှံများ ဈေးကွက်ခိုင်မာရေးအနေနဲ့ သီးနှံ အရည်အသွေးကောင်းများ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့နဲ့ နိုင်ငံတကာဈေးကွက်နဲ့ချိတ်ဆက်နိုင်ရေးကို စီမံ ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အရည်အသွေးကောင်းတဲ့ ပဲ၊ နှမ်း၊ ပြောင်း၊ သီးနှံများ စိုက်ပျိုး ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေနဲ့ နည်းပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံ တစ်မည်ချင်းအလိုက် အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ် လုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ ထုတ်ပြန်နိုင်ရေးကိုလည်းပဲ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ပဲ၊ နှမ်း၊ ပြောင်း၊ သီးနှံတွေရဲ့ ဈေးကွက်ကို ပြည်ပတင်ပို့ခြင်းတစ်ခုတည်းကိုသာမက ယင်းပေါ်မှီခိုမနေရဘဲ ပြည်တွင်းစားသုံးမှုမှာ သမားရိုးကျစားသုံးမှုပုံစံ တန်ဖိုးမြှင့်စားသောက်ကုန် (Value Added) များ ထုတ်လုပ်နိုင်တဲ့ ကုန်ကြမ်းအဖြစ် သုံးစွဲနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုစီမံ ဆောင်ရွက်ခြင်းအားဖြင့် ဈေးကွက်ဝယ်လိုအားကျဆင်းမှုအရ သီးနှံဈေးနှုန်း မတည်ငြိမ်မှုကိုလည်း ထိန်းကျောင်းနိုင်မှာဖြစ်ပါတယ်။

မိမိတို့ဝန်ကြီးဌာနအနေနဲ့ သီးနှံကုန်ကြမ်းအသုံးပြုတဲ့ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုး လာစေဖို့ အဆင့်မြင့်နည်းပညာများနဲ့ စပ်လျဉ်းပြီး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒေသတွင်းမှာရှိတဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအနေနဲ့ အဆိုပါနည်းပညာများနဲ့ ဒေသထွက် သီးနှံ တွေကို အခြေခံတဲ့ ထုတ်ကုန်သစ် ထုတ်လုပ်ခြင်းအားဖြင့် မိမိဒေသထွက် သီးနှံတွေရဲ့ ဈေးကွက်ကို တစ်ဖက်တစ်လမ်းမှလည်း ထိန်းညှိပေးနိုင်မည်ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့လည်း လယ်ယာထွက်ကုန် ပဲ၊ ပြောင်း၊ နှမ်း တိုးတက်တင်ပို့နိုင်ရေးအတွက် ပို့ကုန် ဆိုင်ရာဖြေလျှော့မှုများကို ဆောင်ရွက်ပေးထားပါတယ်။ မိမိတို့ လယ်ယာထွက်ကုန် ပဲမျိုးစုံရဲ့ဈေးကွက်ကို ကြည့်မယ်ဆိုရင် အဓိကအားဖြင့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ စင်္ကာပူ၊ မလေးရှား၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံများကို တင်ပို့မှုများပြီး နယ်စပ်မှ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့ပါတယ်။ ပြောင်းသီးနှံ အနေနဲ့လည်း နယ်စပ်မှ တရုတ်နိုင်ငံဈေးကွက်ကို အများဆုံးတင်ပို့ပါတယ်။ နှမ်းမျိုးစုံကိုတော့ ဂျပန်၊ စင်္ကာပူနဲ့ နယ်စပ်က တရုတ်နိုင်ငံကို တင်ပို့မှုရှိပါတယ်။ မနှစ်က တရုတ်နိုင်ငံဈေးကွက်ရဲ့ အနေအထား မှာ ဈေးကောင်းရတဲ့အတွက်ကြောင့်မို့ ယခုနှစ်ပြောင်းစိုက်ဧက တိုးချဲ့ထုတ်လုပ်လာသော်လည်းပဲ ယခု နှစ်မှာ တရုတ်နိုင်ငံဘက်ရဲ့ အတားအဆီးများနဲ့ အမေရိကန်က မျိုးရိုးဗီဇ ပြုပြင်ပြောင်းလဲထားတဲ့ ပြောင်းများ တင်သွင်းမှုများလာတာ၊ တရုတ်နိုင်ငံမှာ ပြောင်းတွက်ချက်မှုများလာတာကြောင့် ယခုနှစ် တရုတ်ရဲ့ ဝယ်လိုအားကျဆင်းခဲ့ပြီး ပြောင်းဈေးအကျဘက်ကို ဦးတည်နေတဲ့ အတွက်ကြောင့်မို့လို့ ပြောင်းစိုက်တောင်သူများ အခက်ခဲများနဲ့ ကြုံတွေ့နေရကြောင်း သိရပါတယ်။ အဲဒါကြောင့် တရုတ် နိုင်ငံက ဝယ်လက်ဈေးကွက်တည်ငြိမ်ပြီး အခြေအနေကောင်းမှ ပြောင်းစိုက် တောင်သူတွေရဲ့ အကျိုး

အမြတ် ပိုမိုရရှိမယ့် အခြေအနေဖြစ်ပါတယ်။ ပြောင်းသီးနှံဟာ ၎င်းတို့နိုင်ငံမှာရှိတဲ့ တောင်သူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့ အရေးကြီးကုန်စည်စာရင်း ထည့်သွင်းထားတဲ့ အတွက်ကြောင့် ကိုယ်တာစနစ်နဲ့ တင်သွင်းပြုထားပါတယ်။ ကိုယ်တာ ပြင်ပတင်သွင်းမှုအတွက် အခွန်နှုန်းထားကို (၆၅)ရာခိုင်နှုန်း တိုးမြှင့်ပြီး အခွန်နှုန်းထား မြင့်မားစွာကောက်ခံလျက်ရှိတဲ့အတွက် တရုတ်နိုင်ငံဘက်က ဝယ်လက်တွေဟာ အခွန်တိမ်းရှောင်လိုတဲ့အတွက် နယ်စပ်စည်းတစ်လျှောက်မှာရှိတဲ့ အခွင့်အလမ်းသာတဲ့ တရားမဝင်ဝင်ပေါက်ကနေတစ်ဆင့် တင်သွင်းမှုများ ပြုလုပ်ကြတာ သိရှိရပါတယ်။

ယင်းကဲ့သို့ တရားမဝင် တင်သွင်းခြင်းကြောင့်လည်း ရံဖန်ရံခါ အဖမ်းအဆီးများရှိတဲ့အတွက် ဈေးကွက် မသေချာ မရေရာမှုများ ဖြစ်ပေါ်ပါတယ်။ ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ပြီး ဈေးကွက် အခိုင်အမာရရှိရေးအတွက် အခွန်နှုန်းထား နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွေမှာ အခွန်နှုန်းထားနဲ့ ကိုယ်တာစနစ် နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေးကိုလည်း ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း မြန်မာနိုင်ငံမှာရှိတဲ့ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အောက်မှာ လယ်ယာထွက်ကုန်အသင်းအဖွဲ့များနဲ့လည်း ချိတ်ဆက်ပြီး လိုအပ်တဲ့အကူအညီများ ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ကုန်စည်ပြပွဲတွေကတစ်ဆင့် ချိတ်ဆက်ပြီး ဈေးကွက်ရှာဖွေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းတွေရဲ့ ခိုင်မာတဲ့ ပြည်ပဈေးကွက်ရရှိရေးကို အရည်အသွေးကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိတဲ့နည်းတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ထွက်ကုန်တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင်ပြေချောမွေ့မှုရှိစေဖို့ စိုက်ပျိုးထုတ်လုပ်သူ တောင်သူ၊ ကြားခံဝယ်ယူ တင်ပို့တဲ့ကုန်သည်၊ ကူညီထောက်ပံ့ပေးတဲ့အစိုးရတို့ ပူးပေါင်းဆောင်ရွက်တဲ့အသွင်သဏ္ဌာန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဖြေကြားချက်နှင့်အတူ ပူးတွဲဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်သန်းသန်းအေးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ်၊ ကံပိုင်ကျေးရွာအုပ်စု၊ ရှူးချောင်းတံတားကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားထားတာကတော့ တိုင်းဒေသကြီး၊ သရက်ခရိုင် မင်းတုန်းမြို့နယ်၊ ကြပ်ကြီးရွာနဲ့ ကံပိုင်ကျေးရွာအကြား ပေ(၂၅၀)ခန့်ကျယ်တဲ့ ရှူးချောင်းကိုဖြတ်ပြီး သံဘောင်တင်ပျဉ်ခင်းတံတား ဆောက်လုပ်ပေးမယ်ဆိုလို့ရှိရင် ကျေးရွာ(၁၅)ရွာ၊ လူဦးရေ(၈၀၀၀) ကျော် အကျိုးပြုမှာဖြစ်ပါတယ်။ မိုးရာသီမှာ ကျေးရွာအုပ်စုများ ပူးပေါင်းပြီး သွားလာရေး လွယ်ကူစေဖို့ ယာယီတံတားတွေကို နှစ်စဉ် ပြုလုပ်တည်ဆောက်ပြီး ကျောင်းသား၊ ကျောင်းသူတွေ၊ ကျေးရွာ

အုပ်စုမှ လယ်ယာလုပ်ငန်းခွင်ကို သွားရောက်လုပ်ကိုင်တဲ့ လယ်သမား၊ ယာသမား၊ တောင်သူများ ရောင်း၀ယ်ဖောက်ကားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စအ၀၀တို့အတွက် ကူးသန်းဖြတ်ကျော် သွားလာနေရကြောင်းသိရှိရပါတယ်။ အဆိုပါ ပေ(၂၅၀)အကျယ်ရှိ သံဘောင်တင် ပျဉ်ခင်းတံတား ဆောက်လုပ်ရန်အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ထည့်သွင်းလျာထားနိုင်ခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ဆောင်ရွက်ပေးနိုင်ရေး လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးချိုရဲ့ ယခုလို မိမိဒေသဖွံ့ဖြိုးရေးအတွက် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ယခုမေးခွန်းကို မေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပဏာမ တင်ပြလိုပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ရွှေနတ်တောင် (မယားမံ) ညောင်စာရေးလမ်းဟာ အရှည်(၁၀)မိုင် (၂)ဖာလုံရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရန်ပုံငွေနဲ့ ကျောက်ချောလမ်းတွေအဖြစ် ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း (၄)ဖာလုံ၊ ၂၀၁၄-၂၀၁၅ မှာ ကျောက်ချောလမ်း(၃)မိုင်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်း (၁)မိုင် (၃.၄)ဖာလုံ၊ စုစုပေါင်း(၄)မိုင် (၇.၄)ဖာလုံ ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ကျန်လမ်း အရှည် (၅)မိုင် (၂.၆)ဖာလုံမှာ ဂဝံလမ်းများအဖြစ် ရှိနေပါသေးတယ်။ ရွှေနတ်တောင်-(မယားမံ) ညောင်စာရေးလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်မယ်ဆိုရင် ငွေကျပ်သန်းပေါင်း (၁၃၄၅) သန်းကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါလမ်း ဆောင်ရွက်နိုင်လို့ရှိရင် ကျေးရွာအုပ်စု(၅)အုပ်စု၊ ကျေးရွာ (၁၆)ရွာ၊ အိမ်ခြေ(၁၁၄၀)၊ လူဦးရေ(၃၃၅၄)ဦးရဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုလုပ်ငန်းများကို အကျိုးပြုမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ရွှေတောင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရဲ့ ခွင့်ပြုရန်ပုံငွေကျပ်(၃၆၁.၂၄၄)သန်းဖြင့် ကတ္တရာလမ်း(၂)မိုင်(၃)ဖာလုံ၊ ကျောက်ချောလမ်း (၁)မိုင် (၃)ဖာလုံ၊ မြေသားလမ်း(၂)ဖာလုံ၊ သစ်သားတံတား(၄)စင်း၊ ရေကျော်(၂)စင်းနဲ့ Box Culvert (၇)စင်းတို့ကို လျာထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ပူးပေါင်းပြီး ၂၀၁၇ ဇန်နဝါရီလမှစပြီး ပြည်နယ်၊ တိုင်းဒေသကြီးတွေမှာ သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံးပါဝင်ဆွေးနွေးပြီး အကြံဉာဏ်များ ရယူဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်၊ လမ်း၊ တံတား မဟာဗျူဟာလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းကိုလည်းပဲ ရေးဆွဲလျက်ရှိပါတယ်။ ယင်းအရ ပြည်နယ်၊ တိုင်းဒေသကြီးတွေက ဦးစားပေးရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းတွေအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ စိစစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မှာမူတည်၍ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ ရွှေတောင်မြို့နယ်အတွင်းရှိ ရွှေနတ်တောင်(မယားမံ)-ညောင်စာရေးလမ်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်နိုင်ခဲ့ခြင်း မရှိခဲ့တဲ့အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်း နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးတွေရဲ့

ဦးစားပေး လျာထားဆောင်ရွက်မှုအပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့ စည်ပင်ဈေးမှ မီးဘေးသင့်ဆိုင်ခန်းပေါင်း (၄၁)ခန်းကို နိုင်ငံတော် ဘတ်ဂျက်မှ ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့ စည်ပင်ဈေးမှ မီးဘေးသင့်ဆိုင်ခန်းပေါင်း (၄၁)ခန်းကို နိုင်ငံတော် ဘတ်ဂျက်မှ ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်၊ မင်းတပ်မြို့ စည်ပင်ဈေး မီးဘေးသင့်ခဲ့သည့် ဆိုင်ခန်းပေါင်း(၄၁)ခန်းကို ပြန်လည်ဆောက်လုပ်ရန်အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကူညီပံ့ပိုးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင်၊ မင်းတပ်မြို့ စည်ပင်ဈေးမှ ဆိုင်ခန်းပေါင်း(၄၁)ခန်းသည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့က မီးဘေးသင့်ခဲ့ပါတယ်။ မင်းတပ်မြို့၊ မြို့နယ်စည်ပင်ဦးစီးဌာနရုံးမှ မီးဘေးသင့်သည့်ဆိုင်ရှင်များမှ မိမိဆိုင်ခန်းတန်ဖိုးကို ပိုက်ဆံထည့်ဝင်ကြမှ ဆိုင်ခန်းများ ပြန်လည်တည်ဆောက်ပေးမယ်လို့ ပြောပြပါတယ်။ မီးဘေးသင့်တဲ့ ဆိုင်ရှင်များလည်း မီးဘေးကြောင့် ဆိုင်ခန်းရှိပစ္စည်းများ ဆုံးရှုံးမှုကြောင့် ငွေကြေးထည့်ဝင်ရန် အခက်အခဲရှိနေကြပါတယ်။ အဲလိုနဲ့ သို့လော သို့လောနဲ့ ယခုထိကြန့်ကြာလျက်ရှိပြီး မီးဘေးသင့်သည့် ဆိုင်များအနေနဲ့လည်း ဈေးမရောင်းရတော့သဖြင့် ဝင်ငွေမရကြတော့ဘဲ ငွေကြေးအခက်အခဲတွေ့နေကြရပြီး စားဝတ်နေရေး များစွာဆင်းရဲဒုက္ခရောက်နေကြရပါတယ်။ ပြည်သူများမှ ပြည်ထောင်စု

မြန်မာနိုင်ငံတော်ဘဏ် သို့မဟုတ် ပုဂ္ဂလိကဘဏ်မှ ချေးယူပြီး ပြန်လည်ဆောက်လုပ်ပြီးစီးပါက ဆိုင်ရှင်များမှ အရစ်ကျပေးချေရန် ပိုမိုအဆင်ပြေမှု အကြံပြုကြပါတယ်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဘဏ် သို့မဟုတ် ပုဂ္ဂလိကဘဏ်မှ ချေးယူပြီး ပြန်လည်ဆောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ရုံးသစ် ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာလွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။　　။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း က မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ရုံးသစ် ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာလွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် ကြယ်ပွင့်ပြမေးခွန်းက မင်းဘူးမြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ရုံးသစ် တည်ဆောက်နိုင်ဖို့ အတွက် မြေနေရလွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မင်းဘူးမြို့မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်ဟာ ဒီကနေ့အချိန်အထိအောင် ဌာနပိုင်မြေနေရာ၊ ဌာနပိုင်ရုံးမရှိဘဲနဲ့ မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရဲ့အောက်မှာ ၁၉၉၁ ခုနှစ်ကနေစပြီးတော့ ငှားရမ်းခဲ့ရပါတယ်။ စပြီး ငှားရမ်းခဲ့တဲ့အချိန်တုန်းက တစ်လကို (၇၀၀)ကျပ်၊ ၂၀၀၂ ခုနှစ်က ဧပြီလကစပြီးတော့ တစ်လကို (၆၀၅၀)ကျပ်နဲ့ ငှားပြီးတော့ ရုံးဖွင့်ခဲ့ရတာ ဒီနေ့အချိန်အထိပါပဲ။ ဒီနေ့အချိန်အခါမှာတော့ မင်းဘူးမြို့ မှာ ပုဂ္ဂလိကဘဏ်(၅)ခုနဲ့ ထပ်မံပြီးတော့လာရောက်မယ့် ပုဂ္ဂလိကဘဏ်တွေလည်း ဖွင့်ဖို့ တာဆူနေကြပါတယ်။ အဲဒီလိုဘဏ်လုပ်ငန်းတွေ အပြိုင်အဆိုင်ဆောင်ရွက်တဲ့ကာလမှာ မြန်မာ့စီးပွားရေးဘဏ် ကလည်း ပုဂ္ဂလိကဘဏ်များနဲ့အပြိုင် ဘဏ်လုပ်ငန်းတွေဆောင်ရွက်တဲ့နေရာမှာ အများပြည်သူ လွယ်ကူစွာသွားရောက်နိုင်တဲ့နေရာ ဌာနပိုင်မြေ၊ ဌာနပိုင်ရုံးအဆောက်အဦအဖြစ်နဲ့ ဆောင်ရွက်ရန် လည်း လိုအပ်လျက်ရှိနေပါတယ်။ မြန်မာ့စီးပွားရေးဘဏ်တည်ဆောက်ဖို့အတွက် မင်းဘူး(စကု) မြို့နယ် အမှတ်(၂)ရပ်ကွက် ကွင်းအမှတ် (G 1) ရုံးအကွက် ဦးပိုင်အမှတ်၊၂/၅၊ ဧရိယာ (၀.၂၈၇)ဧကရှိတဲ့ မြေနေရာကို ၃၁-၁၂-၂၀၀၉ ရက်စွဲပါ ယာယီမြေပေးအမိန့်နဲ့ အဲဒီအခါ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တုန်းက သတ်မှတ်ပေးထားခဲ့တာရှိပါတယ်။ ဒါပေမဲ့ အဲဒီ သတ်မှတ် ပေးထားတဲ့မြေနေရာက ဘဏ်တစ်ခု ဖွင့်လှစ်ဆောင်ရွက်ဖို့အတွက် မသင့်တဲ့မြေနေရာ၊ အများပြည်သူ

အလွယ်တကူ ဝင်ထွက်သွားလာလို့မရတဲ့နေရာ၊ တခြားရုံးတွေ၊ ဌာနတွေရဲ့ နောက်ကျောဘက် ကျောက်ကုန်းမြေနေရာဖြစ်နေတာကို ကျွန်တော်သွားပြီးတော့ ကြည့်ရှုတဲ့အတွက် ကျွန်တော်ကိုယ်တိုင်လည်း သိရှိခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဘဏ်တစ်ခုဖွင့်လှစ်လုပ်ဆောင်ဖို့အတွက် သင့်လျော်မည့် မြေနေရာကို ကျွန်တော်တို့ ရှာဖွေကြပါတယ်။ အဲဒီလို ရှာဖွေတဲ့အခါမှာ မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (C 1)၊ ဦးပိုင်အမှတ် (၁.ဃ)၊ဧရိယာ (ဝ.၈၃၂)ဧက၊ အကွက်အမှတ်(F 2 )၊ ဦးပိုင်အမှတ် (၁.ခ)၊ ဧရိယာ (၂.၂၁၃)ဧက စုစုပေါင်း(၃.၀၄)ဧကရှိတဲ့ BOC အမည်ပေါက်တဲ့မြေနေရာက မြန်မာ့စီးပွားရေးဘဏ် ဆောက်ဖို့အတွက် သင့်လျော်တဲ့မြေနေရာဖြစ်တာကို ကျွန်တော်တို့ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒီမြေကွက်က မင်းဘူးမြို့အမှတ်(၃)ရပ်ကွက်၊ မင်းဘူး-စကုကားလမ်းမဘေးမှာ ရှိပြီးတော့ ဘဏ်ငွေတိုက် တည်ရှိရာ ရဲစခန်း၊ အ-ထ-က(၁)၊ ခရိုင်ပြည်သူ့ဆေးရုံ၊ ခရိုင်မြို့နယ်မီးသတ်၊ လျှပ်စစ်၊ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ စည်ပင်သာယာဈေးနဲ့ အဝေးပြေးကားဂိတ်တို့နဲ့လည်း နီးတာသာမကဘဲနဲ့ အဲဒီ့ ပုဂ္ဂလိကဘဏ်တွေနဲ့လည်း တစ်တန်းတည်းရှိတဲ့ မြေကွက်ဖြစ်တာကို တွေ့ရပါတယ်။ ဒီနေရာကို မြန်မာ့စီးပွားရေးဘဏ်၊ မင်းဘူးမြို့ရဲ့ ဘဏ်ရုံးသစ်ဆောက်ဖို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ မင်းဘူးခရိုင်မန်နေဂျာကနေပြီးတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံ လိပ်မူပြီး ၂၄-၈-၂၀၁၆ ရက်နေ့က လျှောက်ထားခဲ့ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်ပြီးတော့ မြေစာရင်း၊ မန်းရေနံ၊ စီးပွားဘဏ်တို့က တာဝန်ရှိတဲ့လူတွေ ပူးပေါင်းကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ အသုံးမပြုဘဲဖြစ်တဲ့ မြေနေရာလွတ်အဖြစ် ပေ(၁၀၀) ပေ(၁၅၀)ဘဏ်တစ်ခုဆောက်လုပ်နိုင်ဖို့ အကျယ်ရနိုင်ကြောင်းနှင့် ဒီမြေကြီး(၃)ဧကကျော်တုန်းက လွန်ခဲ့တဲ့နှစ်ပေါင်း (၃၀)ကျော်ကတည်းက အသုံးမပြုဘဲထားတဲ့ မြေလွတ်ဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီအခြေအနေမှာ မင်းဘူးမြို့ မန်းရေနံမြေ မန်နေဂျာက မြေနေရာရဲ့တောင်ဘက်မှာ ကျွန်းပင်တွေခြားပြီး စက်သုံးဆီအရောင်းဆိုင် တစ်ခုရှိပါတယ်။ မြောက်ဘက်မှာ ကားရေဆေးခုံခြားပြီး ရေနံဓာတ်ငွေ့ရည်အရောင်းဆိုင်ရှိတယ်။ မော်တော်ယာဥ်သဘာဝဓာတ်ငွေ့အရောင်းဆိုင် CNG တည်ဆောက်ဖို့လည်း လျာထားတဲ့မြေနေရာ ဖြစ်တာမို့လို့ မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပါတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ဘဏ်ဆောက်ဖို့ မသင့်ပါဘူးဆိုပြီး ၂-၉-၂၀၁၆ ရက်နေ့က ကန့်ကွက်လာတဲ့ ကန့်ကွက်ချက်တော့ ရှိပါတယ်။ ဒါပေမဲ့ မန်းရေနံမြေမန်နေဂျာရဲ့ ကန့်ကွက်ချက်ဟာ တကယ်တမ်း ကျွန်တော်တို့လေ့လာဆန်းစစ်ပြီး ကြည့်တဲ့အခါကျတော့ ကန့်ကွက်ပြီးတော့ ဆောက်ခွင့်မပြုနိုင်တော့မယ့်အချက်မျိုးမဟုတ်တာကို တွေ့ရှိရပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကနေတစ်ဆင့် မေးမြန်းလိုတာက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် အကွက်အမှတ်(C 1)၊ ဦးပိုင်အမှတ်၊ (၁.ဃ)၊ ဧရိယာ(ဝ.၈၃၂)ဧက၊ အကွက်အမှတ်(F 2)၊ ဦးပိုင်အမှတ် (၁.ခ)၊ ဧရိယာ(၂.၂၁၃)ဧက၊ စုစုပေါင်း(၃.၀၄)ဧကရှိတဲ့ BOC အမည်ပေါက်မြေ နေရာထဲကနေပြီးတော့ ပေ(၁၀၀) ပေ(၁၅၀) အကျယ်အဝန်းရှိတဲ့မြေကို မြန်မာ့စီးပွားရေးဘဏ် ဆောက်လုပ်နိုင်ရန်အတွက် လွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိ၊ လွှဲပြောင်းပေးနိုင်မယ်ဆိုရင် မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို သိရှိလိုလို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် အဆင့်မီမြို့တော်ခန်းမ အဆောက်အအုံတစ်ခုအား မည်သည့် ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ (ခ)မောင်တူး က မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် အဆင့်မီမြို့တော်ခန်းမ အဆောက်အအုံတစ်ခုအား မည်သည့် ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ)ဦးမောင်တူး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို ကြယ်ပွင့်ပြ မေးမြန်းချင်တဲ့မေးခွန်းကတော့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် အဆင့်မီမြို့တော်ခန်းမ အဆောက်အအုံတစ်ခုအား မည်သည့် ဘတ်ဂျက်နှစ်တွင် ထည့်သွင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် မြို့တော်ခန်းမဟူ၍ မည်သည့်အခါမှ မရှိခဲ့ဖူးပါ။ မြို့နယ်အတွင်း အစည်းအဝေးများ ပြုလုပ်ရာတွင်လည်းကောင်း ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်များ လာရောက်ရာတွင်လည်းကောင်း၊ ပြည်နယ်အဆင့်အစိုးရအဖွဲ့ဝင်များ လာရောက်ရာတွင်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မြို့သူ၊ မြို့သားများ တွေ့ဆုံပွဲများ ပြုလုပ်ရာတွင် လွန်ခဲ့တဲ့နှစ်ပေါင်း(၄၀)ကျော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရလက်ထက်က စားပွဲတင် တင်းနစ်ကစားပွဲပြုလုပ်ရန် ဆောက်လုပ်ထားသော အခန်းကျယ်ကြီးတစ်ခုအား အစည်းအဝေးခန်းမအဖြစ် အသုံးပြုနေကြရပါတယ်။ အဆိုပါခန်းမကျယ်ပါအဆောက်အဦသည်လည်း နှစ်ပေါင်းကြာမြင့်ပြီဖြစ်၍ ဟောင်းနွမ်းပျက်စီးစ ပြုနေပါပြီ။ မြို့၏ ဂုဏ်ဆောင်အစည်းအဝေးခန်းမအဖြစ် မသင့်လျော်တော့ပါ။ ထို့အတွက်ကြောင့် မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မီမြို့တော်ခန်းမ အဆောက်အအုံတစ်ခုအား ထည့်သွင်းဆောက်လုပ်ပေးပါရန် ပေါင်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ မြို့သူ၊ မြို့သားများ၊ မြို့မိမြို့ဖကြီး၏ သဘောဆန္ဒအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ မေးခွန်းမေးမြန်း တောင်းခံရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ ဟု ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း မေးမြန်းသည့် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့ စည်ပင်ဈေးမှ မီးဘေးသင့်သည့် ဆိုင်ခန်းပေါင်း(၄၁)ခန်း ပြန်လည်ဆောက်လုပ်ရန်အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်စည်ပင်ဈေးရဲ့ ဆိုင်ခန်းပေါင်း(၄၁)ခန်းဟာ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှာ မီးဘေးသင့်ခဲ့ပါတယ်။ အဆိုပါမီးဘေးသင့်ခဲ့တဲ့ မင်းတပ်မြို့ စည်ပင်ဈေးကို ပြန်လည်တည်ဆောက်နိုင်ဖို့အတွက် သီးသန့်ရန်ပုံငွေမှ ကျပ်သန်း(၃၁၅.၈)သန်းကို ထောက်ပံ့ပေးနိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ၂၂-၇-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၃/၆-၂(၂၂)/ ထောက် ၄ ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး နေပြည်တော်သို့လည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရဲ့ ၁၈-၁၀-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၃/၆-၂(၇)/ထောက် ၄ ဖြင့် ဘဏ္ဍာရေးကော်မရှင် နေပြည်တော်သို့လည်းကောင်း တင်ပြတောင်းခံခဲ့ပါတယ်။ ၈-၁၂-၂၀၁၆ ရက်နေ့မှာ ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၁၇/၂၀၁၆)တွင် သဘောတူ အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအပိုင်း ၄၊ သီးသန့်ရန်ပုံငွေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)မှာ ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်ဟုလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပုဒ်မ ၄၊ သီးသန့်ရန်ပုံငွေ ပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)မှာ ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ထောက်ခံချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုသော အသုံးစရိတ်ဖြစ်ခြင်း ဟု လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

သို့ဖြစ်ပါ၍ ယခုကိစ္စရပ်မှာ သဘာဝဘေးအန္တရာယ်အတွက် အသုံးစရိတ်ဖြစ်ရာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သီးသန့်ရန်ပုံငွေမှ သုံးစွဲနိုင်သဖြင့် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သီးသန့်ရန်ပုံငွေမှ သုံးစွဲရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းရရှိရေး ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ၏ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(C 1) ဦးပိုင်အမှတ်(၁ ဃ)၊ ဧရိယာ(၀.၈၃၂)ဧက၊ အကွက်အမှတ်(F 2) ဦးပိုင်အမှတ်(၁ ခ)၊ ဧရိယာ(၂.၂၁၃)ဧက စုစုပေါင်း(၃.၀၄၅)ဧကရှိ BOC အမည်ပေါက် မြေနေရာမှ ပေ (၁၀၀)၊ ပေ (၁၅၀) အကျယ်အဝန်းရှိမြေအား မြန်မာ့စီးပွားရေးဘဏ်ဆောက်လုပ်နိုင်ရန်အတွက် လွှဲပြောင်းနိုင်ခြင်း ရှိ/မရှိနှင့် လွှဲပြောင်းပေးနိုင်ပါက မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

နိုင်ငံပိုင်ဘဏ်ကြီးဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်အတွက် ယခုကဲ့သို့ အလေးထား၍ မေးမြန်းပေးပါသော ကိုယ်စားလှယ်တော်ကြီးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။ မြန်မာ့စီးပွားရေးဘဏ်၊ မင်းဘူးဘဏ်ခွဲကို မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် အဆောက်အအုံ မြေညီထပ်မှာ ၁-၄-၁၉၇၆ ခုနှစ်က စပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါမှာ မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းဖွဲ့စည်းပုံများတိုးချဲ့မည်ဖြစ်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ထားတဲ့ အဆောက်အအုံ မြေညီထပ်ကို ပြန်လည်ရယူလိုကြောင်းနှင့် သီးခြားမြေနေရာ တောင်းခံပြီးတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲ အဆောက်အအုံသစ် ဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပါရန် အကြောင်းကြားခဲ့ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ဆောက်လုပ်ရန်အတွက် ပထမလျာထားသတ်မှတ်ပေးခဲ့တဲ့ မြေနေရာဟာ မကွေး-မင်းဘူးလမ်းမကြီးပေါ်မှာရှိတဲ့ အမှတ်(၂)ရပ်ကွက်၊ G1 ရုံးများအတွက် မြေနေရာဖြစ်ပါတယ်။

သို့ရာတွင် ၎င်းနေရာထက် ပိုမိုအချက်အချာကျတဲ့ မြေနေရာရရှိနိုင်ရေး ဆောင်ရွက်ပေးပါရန် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ထပ်မံတင်ပြလျှောက်ထားခဲ့ပါတယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါရှိတဲ့ မင်းဘူးမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(C 1) ဦးပိုင်အမှတ်(၁ ဃ)၊ ဧရိယာ(၀.၈၃၂)ဧက၊ အကွက်အမှတ်(F 2) ဦးပိုင်အမှတ်(၁ ခ)၊ ဧရိယာ(၂.၂၁၃)ဧက စုစုပေါင်း(၃.၀၄၅)ဧကမှ ပေ(၁၀၀)၊ ပေ(၁၅၀) အကျယ်အဝန်းရှိ မြေနေရာကို သတ်မှတ်ပေးခဲ့ပါတယ်။

သို့ရာတွင် အဆိုပါမြေနေရာနှင့် ပတ်သက်ပြီးတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မန်းရေနံမြေမှ ၂-၉-၂၀၁၆ ရက်စွဲပါစာအမှတ်၊ မန်း/အခရ-၁/၁၇(က)/၂၀၁၆(၃၇၃)ဖြင့် ၎င်းမြေနေရာသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံပိုင်(BOC) အမည်ပေါက်မြေဖြစ်ပြီး ရေနံတွင်းဟောင်း(၃)တွင်း၊ ရေနံတွင်းများသို့ ရေမောင်းသွင်းခြင်းလုပ်ငန်းစီမံကိန်းအတွက် သတ်မှတ်ထားသည့်နေရာ ဟက်ဒါ ဖြစ်ခြင်း၊ ၁၉၈၆ ခုနှစ်ကတည်းက စိုက်ပျိုးခဲ့သည့်

ကွန်းပင်များရှိခြင်း၊ တောင်ဘက်တွင် Silver Wave စက်သုံးဆီအရောင်းဆိုင်၊ မြောက်ဘက်တွင် မော်တော်ယာဉ် သဘာဝဓာတ်ငွေ့အရောင်းဆိုင် (CNG) များ တည်ရှိနေ၍ မီးဘေးအန္တရာယ် ဖြစ်ပွားနိုင်သဖြင့် ဘဏ်ဆောက်လုပ်ရန် ကန့်ကွက်ပါကြောင်းနှင့် မြေနေရာလွှဲပြောင်းပေးနိုင်ခြင်း မရှိပါကြောင်း ပြန်ကြားခဲ့ပါတယ်။

သို့ဖြစ်ပါ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မူလလျာထားသတ်မှတ်ပေးခဲ့သော မြေနေရာအကျယ်အဝန်း (၁၄၀ ပေ x ၁၂၀ ပေ)ရှိ မြေနေရာမှာရှိတဲ့ (၄၀ ပေ x ၆၀ ပေ) သံကူကွန်ကရစ် နှစ်ထပ်ဘဏ်ခွဲ အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရန်နှင့် ကွန်ကရစ်လမ်းဖောက်လုပ်နိုင်ရန်တို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေမှာ ကျပ်သန်း(၁၅၀)ထည့်သွင်းလျာထား တောင်းခံထားပြီး ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တတိယအနေနဲ့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ)မောင်တူး မေးမြန်းသည့် မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် အဆင့်မီမြို့တော်ခန်းမ အဆောက်အအုံတစ်ခုကို မည်သည့် ဘတ်ဂျက်ရာသီတွင် ထည့်သွင်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ မွန်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်တွင် မြို့နယ်ခန်းမ မရှိပါသဖြင့် ခန်းမတစ်ခု ဆောက်လုပ်ရန် လိုအပ်ပါသော်လည်း ခန်းမတည်ဆောက်ရန် မြေနေရာမရှိသေးပါ။ ခန်းမဆောက်လုပ်ရန် မြေနေရာဦးစွာ ရှာဖွေရန်လိုအပ်ပြီး မြေနေရာရရှိသည်နှင့် လိုက်လျောညီထွေမှုရှိမည့် အဆင့်မီမြို့နယ်ခန်းမ အဆောက်အဦတစ်ခုအား ကုန်ကျစရိတ်တွက်ချက်၍ အနီးဆုံးဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲလျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့က ပေးပို့လာသည့် ဖြေကြားချက်အပေါ် မွန်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စာရင်းအင်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က စာရင်းအင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးမောင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စာရင်းအင်းဥပဒေကြမ်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)နှင့်အညီ လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။ စာရင်းအင်းနှင့်ပတ်သက်၍ မိမိတို့လက်ရှိ ကျင့်သုံးနေသည့် ဥပဒေမှာ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင် အက်ဥပဒေ ဖြစ်ပါတယ်။ ယင်းအက်ဥပဒေဟာ ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုမရှိတော့ခြင်းနှင့် စာရင်းအင်းနှင့် ပတ်သက်တဲ့ အချို့သောဥပဒေများဟာလည်း ထိုဥပဒေအပေါ်မှာ လွှမ်းမိုးလာခြင်းတို့ ကြုံတွေ့လာရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးမှာ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေဖို့အတွက် မူဝါဒများ၊ ရည်မှန်းချက်များ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများ၊ ချမှတ်ဆောင်ရွက်ကြရာမှာ အရေးကြီးတဲ့ အချက်တစ်ခုကတော့ တိကျ၊ မှန်ကန်၊ ခိုင်မာပြီးတော့ အရည်အသွေးပြည့်ဝတဲ့ ယုံကြည်စိတ်ချရတဲ့ စာရင်းအင်း၊ ကိန်းဂဏန်း အချက်အလက်များ ရရှိရေးဖြစ်ပါတယ်။ စာရင်းအင်းမှန်ကန်မှသာ တိုင်းပြည်ရဲ့ပကတိ အခြေအနေအမှန်ကို သုံးသပ်နိုင်မှာဖြစ်ပါတယ်။ စာရင်းအင်းအချက်အလက် မှန်ကန်ရေးအတွက် ကောက်ယူသူများသာမက ကောက်ယူခံရသူများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့၏ အတိတ်သမိုင်းတွင် စာရင်းအင်း အချက်အလက်များနှင့် ပတ်သက်၍ အားနည်းချက်များ ရှိခဲ့သည်ကိုလည်း အားလုံးတွေ့မြင် သိရှိကြပြီးဖြစ်ပါတယ်။ လွဲမှားနေသော စာရင်းအင်းကိန်းဂဏန်း အချက်အလက်များသည် လွဲမှားသောမူဝါဒ၊ လွဲမှားသော စီမံကိန်းများကိုသာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုကဲ့သို့ စာရင်းအင်းဥပဒေကြမ်းကို အသစ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း ပဏာမတင်ပြလိုပါတယ်။ ဥပဒေကြမ်းကိုရေးဆွဲပြုစုရာမှာ ILO,IMF,UNFPA,Unicef ,World Bank, KOICA, ADB တို့နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပညာရှင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေးများကိုလည်း အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကိုလည်း ရယူပြီး ပြုစုဆောင်ရွက်ခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပြဋ္ဌာန်းရတဲ့ ရည်ရွယ်ချက်များမှာ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုပံ့ပိုးနိုင်တဲ့ မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ် ပေါ်ပေါက်လာစေရန်၊ တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသော စာရင်းအင်းများရရှိခြင်းဖြင့် မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲရာတွင်လည်းကောင်း၊ လုပ်ငန်းများကို စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ရာတွင်လည်းကောင်း၊ သယံဇာတများ ခွဲဝေအသုံးပြုရာတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း အထောက်အကူပြုစေရန်၊ နိုင်ငံတော်အစိုးရနှင့် အများပြည်သူတို့ အသုံးပြုနိုင်ရေးအတွက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဆောင်ရွက်

သည့်အခါ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးသက်ရောက်မှုရှိပြီး လွယ်ကူချောမွေ့စေရန်၊ စာရင်းအင်းနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ထိရောက်မြန်ဆန်ပြီး ပိုမိုအားကောင်းစေရန်။ အရည်အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းများကို ရရှိအသုံးပြုနိုင်ခြင်းသည် အစိုးရနှင့်ပြည်သူတို့အကြား နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေရန် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမူကြမ်းမှာ အခန်း(၁၄)ခန်း၊ ပုဒ်မ(၅၅)ခု ပါဝင်ပါတယ်။ စာရင်းအင်းများ မှန်ကန်ရေးအတွက် ပုဂ္ဂလိကကဏ္ဍအပါအဝင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပါဝင်ဆောင်ရွက်ရန် ဥပဒေနှင့်အညီ တွန်းအားပေးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စာရင်းအင်းဥပဒေအသစ်အရ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့်အတူ ဝန်ကြီးဌာနများအကြား ဗဟိုအဆင့်နှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့များအကြား၊ ပြည်သူဗဟိုပြုသော စာရင်းအင်းဆိုင်ရာ ဝန်ဆောင်မှုနှင့် အချက်အလက်များကို ဆက်သွယ်ရေးကွန်ရက်ဖြင့် ဆောင်ရွက်နိုင်ရေး၊ အလျားအလိုက်၊ ဒေါင်လိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို လေးလေးနက်နက် တည်ဆောက်ရန် ဖြစ်ပါတယ်။ ပိုမိုယုံကြည်စိတ်ချမှုရှိတဲ့ စာရင်းအင်းအချက်အလက်များ ရရှိစေဖို့ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ခုစလုံးမှယုံကြည်မှုကို ရရှိစေရန်တို့အတွက် လျှို့ဝှက်ထိန်းသိမ်းရမည့် အချက်အလက်များကို ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ပိုမိုတာဝန်ယူ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စာရင်းအင်းများ ကောက်ယူစုစည်းရေးအတွက် Law Enforcement ကိုလည်း ပိုမိုတွန်းအားပေး ဆောင်ရွက်နိုင်ရန်အတွက် ပြစ်မှု၊ ပြစ်ဒဏ်များလည်း ထည့်သွင်းထားပါတယ်။ ဒီဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရရဲ့ စီမံအုပ်ချုပ်မှု၊ Good Governance အပိုင်းကိုလည်းပဲ များစွာ အထောက်အကူပြုနိုင်မှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ စာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ စာရင်းအင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို အမှူးထားပြီးတော့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်

ကိုယ်စားလှယ်များအားလုံးကိုမင်္ဂလာပါလို့ ရှေးဦးစွာဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)တောင်တွင်းကြီးက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ စာရင်းအင်း ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**စာရင်းအင်းဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇-၀၁၃

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ စာရင်းအင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့ ၂၁-၁၁-၂၀၁၆ ရက်နေ့မှာ ပေးပို့လာပါတယ်။ ဒီ ဥပဒေနှင့် ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ပညာရှင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းမှ ဖိတ်ကြားထားသူများ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂-၁၂-၂၀၁၆ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်းကို လေ့လာစိစစ်ရာမှာ အဓိပ္ပာယ်ဖွင့်ဆိုရာမှာ တိကျရှင်းလင်းမှုရှိစေဖို့အတွက် မူလဥပဒေကြမ်းရဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)မှာ ဖော်ပြထားတဲ့ စကားရပ်တွေအစား စာရင်းအင်းဆိုသည်မှာ အချက်အလက်များအား ကောက်ယူစုစည်းပြုစုခြင်း၊ ခွဲခြမ်းစိတ်ဖြာ ဆန်းစစ်သုံးသပ်ခြင်း စသည့် အချက်အလက်များဆိုင်ရာ သိပ္ပံပညာရပ်ကို အသုံးပြု၍ ပြုစုထားသော ကိန်းဂဏန်း အချက်အလက်များကို ဆိုသည်ဆိုတဲ့ စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(စ)မှာ ဖော်ပြထားတဲ့ တပ်မြို့စည်ပင်သာယာ အဖွဲ့အစည်းများဆိုတဲ့ စကားရပ်ရဲ့နောက်မှာနှင့် ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဆိုသည့်စကားရပ်ကို ဖြည့်စွက်၍လည်းကောင်း၊ အဓိပ္ပာယ် ပိုမိုပြည့်စုံစေဖို့အတွက် အပိုဒ် ၄၊ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့ စကားရပ်များအစား စာရင်းအင်းဆိုင်ရာ အချက်အလက်များကို အမှန်တကယ်တည်ရှိသည့် အခြေအနေများအတိုင်း တိတိကျကျဖော်ပြရမည်ဖြစ်ပြီး အရည်အသွေးဆိုင်ရာ စာရင်းအင်းအချက်အလက်ဖြစ်ပါက အမှန်တကယ်တည်ရှိသည့် အခြေအနေများနှင့် ကိုက်ညီစေရန် အနီးစပ်ဆုံးတိတိကျကျ ဖော်ပြရမယ်ဆိုတဲ့ စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅၊ အပိုဒ်ခွဲ(က)မှာ ဖော်ပြထားတဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စာရင်းအင်းအချက်အလက်နှင့် သက်ဆိုင်သောအစိုးရဌာန၊ အဖွဲ့အစည်းများမှ ဒုတိယဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်

ရှိသူဆိုတဲ့ စကားရပ်များကို ဒုတိယသမ္မတတစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စာရင်းအင်းအချက်အလက်နှင့်သက်ဆိုင်သော အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိသူ၊ ဒုတိယဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်ရှိသူ ဆိုတဲ့ စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၈၊ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့အချိန်နှင့် တစ်ပြေးညီဆိုသည့် စကားရပ်ကို အချိန်မီဆိုသည့် စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၉၊ အပိုဒ်ခွဲ(ခ)မှာ ဖော်ပြထားတဲ့ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အကြား ဆိုတဲ့စကားရပ်ကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များတို့ အကြားဆိုတဲ့ စကားရပ်နှင့် လည်းကောင်း၊ အပိုဒ် ၁၀၊ ခြေဆင်းမှာ ဖော်ပြထားတဲ့ စကားရပ်များအစား ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ အစိုးရအဖွဲ့များနှင့် ဦးစီးအဖွဲ့များသည်ဆိုတဲ့ စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(င)မှာ ဖော်ပြထားတဲ့ စကားရပ်များအစား လူမှုစီးပွားအခြေအနေကို ထင်ဟပ်ဖော်ပြသည့် ညွှန်ကိန်းများနှင့် စာရင်းအင်းများပြုစုနိုင်ရန် သန်းခေါင်စာရင်း၊ စစ်တမ်းနှင့် အခြားစာရင်းအင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရေးအတွက် အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူတို့နှင့် ပူးပေါင်းဆောင်ရွက်ရမည့်အပြင် အရေးပါသော သန်းခေါင်စာရင်းများနှင့် လူမှုစီးပွားဆိုင်ရာ အဓိကစစ်တမ်းကြီးများ ကောက်ယူရာတွင် ဦးစီးဆောင်ရွက်ခြင်းဆိုတဲ့ စကားရပ်နှင့်လည်းကောင်း၊ အပိုဒ် ၄၄ မှာ ဖော်ပြထားတဲ့ မည်သူမဆို ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဆိုတဲ့ စကားရပ်အစား မည်သူမဆို ပုဒ်မ ၃၆၊ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဆိုတဲ့စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၅ ကို အပိုဒ် ၄၆ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် အောက်ပါအတိုင်း ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါတယ် -

> ၄၆။ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု ဖြစ်ပါက ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ကိုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပြစ်ဒဏ်များ အပြင် ကျူးလွန်သည့် ပြစ်မှုနှင့်အညီ ဥပဒေအရ ပြစ်ဒဏ်များကို လည်းကောင်း ချမှတ်ရမည်လို့ ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တင်ပြထားပါတယ်။

၃။ မူလ ဥပဒေကြမ်းရဲ့ အပိုဒ် ၈၊ အပိုဒ်ခွဲ(ဆ)ရဲ့ အောက်မှာ အပိုဒ်ခွဲ(ဇ) အဖြစ် နိုင်ငံတော်မှ နှစ်စဉ်၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော စာရင်းအင်းအချက်အလက်များကို သက်ဆိုင်ရာသို့ အချိန်မီပေးပို့ရန် ညွှန်ကြားခြင်းဟု လည်းကောင်း၊ အပိုဒ် ၄၂ ရဲ့ အောက်မှာ အပိုဒ် ၄၃ အဖြစ် ဤဥပဒေ စတင်အာဏာသက်ရောက် သည့်နေ့မှစ၍ (၆)လအထိ အချိန်ကာလကို ပညာပေးကာလဟု သတ်မှတ်၍ ၎င်းကာလကျော်လွန် လျှင်

တားမြစ်ချက်များ ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ ချမှတ်ရမည်ဟု လည်းကောင်း၊ အပိုဒ် ၄၉၊ အပိုဒ်ခွဲ(ဃ) ကို အပိုဒ် ၅၀၊ အပိုဒ်ခွဲ(ဃ) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်း၏အောက်မှာ အပိုဒ်ခွဲ(င) အဖြစ် စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဥ်းသည့် ထောက်ပြ အကြံပြုချက်များကို စာရင်းအင်းဆိုင်ရာ အကြီးအမှူးထံသို့ ပေးပို့နိုင်ပြီး လိုအပ်ပါက ကော်မတီသို့ တင်ပြဆွေးနွေးရမည်ဟုလည်းကောင်း အသီးသီး အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ မြန်မာစာအရေးအသား မှန်ကန်မှု ရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်စေရန်အပါအဝင် ပြောင်းလဲသွားတဲ့ အမှတ်စဥ်များကိုလည်း တစ်ပါတည်း ပြင်ဆင်ဖြည့်စွက်ပြီးတော့ ပြင်ဆင်ချက် အပြည့်အစုံကို နောက်ဆက်တွဲကန့်လန့်ဖြတ်ဇယားနဲ့ ပူးတွဲတင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၅။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စာရင်းအင်းဥပဒေကြမ်း အပေါ် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စာရင်းအင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စာရင်းအင်းဥပဒေကြမ်းနှင့် စပ်လျဥ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၂-၂၀၁၇ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဥ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊

ဖေဖော်ဝါရီလ ၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၀၁ နာရီအချိန်တွင် ရပ်နားပါသည်။]